# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 2 , 2022 | Volume 61, Number 2

၂.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၈.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## (၄၀) ကြိမ်မြောက် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီအစည်းအဝေး (40th meeting of the coordinating committee on the implementation of the ATIGA (40th CCA Meeting)

(၄၀) ကြိမ်မြောက် အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီအစည်းအဝေး (40th meeting of the coordinating committee on the implementation of the ATIGA (40th CCA Meeting) ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် Video Conference စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဘာသာရပ်တာဝန်ခံ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဖွဲ့ဝင်စုစုပေါင်း (၄၇) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အရာထမ်းကိုယ်စားလှယ် (၁) ဦးသည် အကောက်ခွန်ဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ လမ်းညွှန်ချက်များအရ ၂၀၂၃ ခုနှစ်အတွက် CCA ၏ လုပ်ငန်းများနှင့် ဦးစားပေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ပါအချက်အလက်များအနက် အကောက်ခွန်လျှော့ချမှုအစီအစဉ်ဇယား (Tariff Reduction Schedule– TRS) အား AHTN 2017 မှ 2022 သို့ ကူးပြောင်း ချိတ်ဆက်ခြင်း၊ ပင်ရင်းနိုင်ငံစည်းမျဉ်း (rules of origin) ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာစာရင်းအင်းများ (Trade Statistics) ဆိုင်ရာကိစ္စရပ်များစသည့်အချက်များကို အဓိကထား၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခြင်း၊ အကောက်ခွန်လျှော့ချမှုအစီအစဉ်ဇယားနှင့်ပတ်သက်၍ နှုန်းထားများ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ အကောက်ခွန်သက်သာခွင့်ကိစ္စရပ်များအား ပွင့်လင်းမြင်သာရှိခြင်းနှင့် ကုန်သွယ်မှုအချက်အလက်များအား ပွင့်လင်းမြင်သာမှုရှိစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%92%E1%80%B1%E1%80%9E% E1%80%90%E1%80%BD%E1% 80%84%E1%80%BA%E1%80%B8%E1%80%80%E1%80%AF%E1%80%94%E1%80%

## မြစ်သားကြက်သွန်နီ အပင်စိုက်များစတင်ထွက်ပေါ်နေပြီး ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ လွန်ကျော်၊ ပေတော၊ စမြောင်ကျေးရွာများတွင် ရွှေဖလားမျိုး ကြက်သွန်နီများကို စိုက်ပျိုးကြသည်။ တစ်ဧကကုန်ကျစရိတ်မှာ ၂၅ သိန်းမှ ၃၀ သိန်းထိကုန်ကျပြီး၊ စိုက်ခင်းများ ရောဂါပိုးဝင်လျှင် သွင်းအားစုပိုများ၍၊ ရောဂါပိုးမရှိလျှင် အကုန်အကျသက်သာပြီး သွင်းအားစု နည်းကြောင်း ကြက်သွန်နီစိုက်တောင်သူများထံမှ သိရသည်။

ယခုအခါ တော်သလင်းလဆန်းပိုင်းကစိုက်သော အပင်စိုက်ကြက်သွန်နီများစတင်ထွက်ပေါ်နေပြီး၊ ပွဲစား၊ ကုန်သည်များမှ ကျေးရွာစိုက်ခင်းများအထိဆင်း၍ ဝယ်ယူနေပြီး၊ တစ်ပိဿာလျှင် တောဈေး ၂၈၀၀ မှ ၃၀၀၀ နှုန်းဖြင့် ဝယ်ယူနေကြောင်း၊ တစ်ဧကအထွက်နှုန်း ပျမ်းမျှ ကုန်ချိန် ၂၅၀၀ မှ ၃၀၀၀ နှုန်းထွက်ရှိကြောင်း ပွဲစားများမှဝယ်ယူသော ကြက်သွန်နီများကို ကျောက်ဆည်နှင့် မန္တလေးပွဲရုံများသို့ တင်ပို့ကြောင်း၊ ကြက်သွန်နီစိုက်တောင်သူများ ယခင်နှစ်က ဈေးကောင်းမရရှိ၍ အကျိုးအမြတ်မရှိကြောင်း၊ ယခုနှစ်တွင် သွင်းအားစုများ မြင့်တက်သော်လည်း ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း ပေတောကျေးရွာ ကြက်သွန်နီစိုက်တောင်သူ ဦးဇော်ဝင်းထွန်း၏ ပြောပြချက်အရသိရသည်။

Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန

## ဂျာမနီနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှင့်စီးပွားရေးအခြေအနေ

ဂျာမနီနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၂ခုနှစ် နိုဝင်ဘာလတွင် (၁၀) ရာခိုင်နှုန်းသို့ရောက်ရှိလာကြောင်း Federal Statistical Office (Destatis)၏ ကြိုတင်ခန့်မှန်းတွက်ချက်ထုတ်ပြန်မှုအရသိရှိရပါသည်။ အောက်တိုဘာလတွင် (၁၀.၄) ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ရာမှ အနည်းငယ် ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း၊ စွမ်းအင်ဈေးနှုန်းများ အနည်းငယ် ကျဆင်းလာမှုနှင့် ဖက်ဒရယ်အစိုးရ၏ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများသို့ ထောက်ပံ့ပေးမှုအစီအစဉ်များက အထောက်အကူပြုခဲ့ကြောင်း သိရှိရပါသည်။ စွမ်းအင်ဈေးနှုန်းများမှာ ကျဆင်းလာသော်လည်း ယခင်နှစ်ဈေးနှုန်းများထက် (၃၈.၄) ရာခိုင်နှုန်းခန့် မြင့်မားနေဆဲဖြစ်ပါသည်။

စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် တတိယသုံးလပတ်တွင် (၀.၄) ရာခိုင်နှုန်းသို့ အနည်းငယ် တိုးမြင့်ရရှိလာပြီး ယခင်နှစ်ကာလတူထက် (၁.၂) ရာခိုင်နှုန်း တိုးတက်လာမှုရှိကြောင်း သိရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း စာရင်းအင်းတွက်ချက်မှုများအရ ငွေကြေးဖောင်းပွမှု၏ ရိုက်ခတ်မှုကြောင့် အလုပ်သမားများ၏ ဝင်ငွေရရှိမှုနှုန်းများသည် ၂၀၂၂ ခုနှစ် ပထမ(၃)လပတ်တွင် (၁.၈)ရာခိုင်နှုန်း၊ ဒုတိယ(၃)လပတ်တွင်(၄.၄) ရာခိုင်နှုန်း နှင့် တတိယ (၃)လပတ်တွင် (၅.၇) ရာခိုင်နှုန်းအသီးသီး ကျဆင်းမှုရှိခဲ့ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများရှိ အမှာစာအသစ်များလက်ခံရရှိမှုသည် စက်တင်ဘာလအတွင်း ယခင်လထက် (၃.၆) ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် (၂၂.၆) ရာခိုင်နှုန်းကျဆင်းလာခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံတွင် လူဦးရေတိုးတက်မှုနှုန်းသည် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၂၂ ခုနှစ် ဇွန်လကုန် အထိ (၂.၉) သန်းထပ်မံ တိုးမြင့်မှုရှိခဲ့ပြီး အဓိကအားဖြင့် အခြားနိုင်ငံများမှ လာရောက်အခြေချရွှေ့ပြောင်းနေထိုင်သည့် ဦးရေများဖြင့် တိုးမြင့်လာခြင်းဖြစ်ပြီး လက်ရှိတွင်လူဦးရေစုစုပေါင်း(၈၄.၁)သန်း ရှိနေပါသည်။

( မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)

**Source: https://www.destatis.de/EN/Press**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1%80%AE%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%81%8F%20%E1%

## ကန်ပိုက်တည်ကုန်သွယ်ရေးစခန်း၏ ငွေကြေးဈေးနှုန်းပြောင်းလဲစည်းကြပ်ကောက်ခံမှုအခြေအနေ

ကန်ပိုက်တည်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသော ပို့ကုန်ငှက်ပျောများအား ယခင်က မြန်မာကျပ်ငွေကြေးတန်ဘိုးသတ်မှတ်ပြီး အခွန်စည်းကြပ်ကောက်ခံခဲ့သည်။ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုနေသည့် နယ်စပ်ဒေသများတွင်ကုန်သွယ်မှုပြုလုပ်ရာ၌ ယွမ်/ကျပ်တိုက်ရိုက်အသုံးပြုပေးချေမှုအား မြန်မာနိုင်ငံဗဟိုဘဏ်မှ ဆောင်ရွက်ခွင့်ပြုခဲ့သည့်အတွက် ပို့ကုန်ငှက်ပျောအား မြန်မာကျပ်ငွေဖြင့် စည်းကြပ်ကောက်ခံခြင်းအစား ဈေးနှုန်းတန်ဖိုး ပြောင်းလဲမှုမရှိဘဲ ၂၈-၁၁-၂၀၂၂ ရက်နေ့မှစ၍ (1Kg=2.36 ယွမ်) တရုတ်ငွေဈေးနှုန်းဖြင့် ပြောင်းလဲစည်းကြပ်ဆောင်ရွက် လာခဲ့ကြောင်း သိရှိရသည်။

**Source:**https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%80%E1%80%94%E1%80%BA%E1%80%95%E1%80%AD%E1%80%AF%E1%80%80

## ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲအိတ်ရေ ၁၄ သိန်း တင်ပို့ရောင်းချနိုင်ခဲ့



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲများကို နိုဝင်ဘာ ၁ ရက်မှ ယနေ့ (၃၀.၁၁.၂၀၂၂)ထိ တစ်လအတွင်း တစ်တင်းခွဲအိတ်ရေ ၁၄ သိန်းထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအဖွဲ့ ဈေးကွက်ရှာဖွေရေးတာဝန်ခံ ဒေါ်စုစုလှိုင်က ပြောပြ၍သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်နှင့်ဆန်ကွဲအဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဆန်နှင့်ဆန်ကွဲ တစ်တင်းခွဲအိတ်ရေစုစုပေါင်း ရှစ်သိန်းထိသာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း နိုဝင်ဘာလအတွင်း ဆန်တစ်တင်းခွဲအိတ်ရေ ကိုးသိန်းနှင့် ဆန်ကွဲတစ်တင်းခွဲအိတ်ရေ ငါးသိန်း စုစုပေါင်းဆန်နှင့် ဆန်ကွဲအိတ်ရေ ၁၄ သိန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်.

"ပြည်ပဈေးကွက် ပြန်ပွင့်လာတာကြောင့် ရန်ကုန်ဈေးကွက်ကို တင်ပို့နေရတဲ့ ဆန်အိတ်ရေကလည်း တစ်လထက်တစ်လ တိုးလာတာဖြစ်ပါတယ်။ ဒီလိုတစ်လထက်တစ်လ ပိုမိုတင်ပို့ရောင်းချလာရတော့ ကုန်တင်ကုန်ချလုပ်သားတွေနဲ့ ကုန်သည်တွေ၊ တောင်သူတွေအားလုံး အဆင်ပြေကြပါတယ်။ အခုလမှာ ပြီးခဲ့တဲ့ အောက်တိုဘာလထက် ဆန်နဲ့ဆန်ကွဲ အိတ်ရေ ခြောက်သိန်းထိပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်"ဟု ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအဖွဲ့ ဒေါ်စုစုလှိုင်ကပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၁ ရက်မှ ယနေ့(၃၀.၁၁.၂၀၂၂)ထိ ဆန်အမျိုးအစားနှင့် ဈေးကွက်များအနေဖြင့် ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၇၆၀၀၀၊ ထိုင်းဘောကျား တစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၄၄၅၀၀၊ သီးထပ်ရင် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ နံကား တစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၊ ရွှေသွယ်ရင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ဧရာမင်း တစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၊ ဆင်းသုခ တစ်အိတ်လျှင် ငွေကျပ် ၄၄၅၀၀ ပေါက်ဈေးဖြင့် တင်ပို့ရောင်းချနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ဖြင့် ဈေးကောင်းရနေ

မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ဖြင့် ဈေးကောင်းရနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နီနှင့်အာလူးပွဲရုံပိုင်ရှင်

ဒေါ်မေသဲဆွေကပြောပြ၍ သိရသည်။ ယခုအခါ မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက အဝယ်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံမှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိလာကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေကို မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေက မှာယူမှုတော်တော်လေး ပြန်များလာပါတယ်။ ဒါ့ပြင် မန္တလေးဈေးကွက်ထဲမှာ လည်း အရောင်းအဝယ်တော်တော်လေးပြန်ပြီး ကောင်းနေတယ်။ အခုကတော့ မန္တလေးဈေးကွက်ထဲကို မြစ်သားနဲ့ပခုက္ကူ ဘက်ကထွက်တဲ့ ကြက်သွန်နီတွေလည်း ဝင်လာတာရှိပါတယ်။ ဒါပေမဲ့ အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာ ရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်" ဟု ဒေါ်မေသဲဆွေ က ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း နိုဝင်ဘာ ၃၀ ရက်ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ထိပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြိတ်မြို့တွင် ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း မလေးရှားဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရော်ဘာ (၆၀၄ ဒသမ ၈) တန်၊ တစ်ဖက်ထိုင်းနိုင်ငံ ရနောင်းမြို့နှင့် ပရာကျွတ်ကရီခမ်းမြို့သို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် (From D)ဖြင့် ငါးအသားလွှာ (၅၀ ဒသမ ၈၅)တန်၊ ငါးမှုန့် (၂၂၆၅)တန်၊ မုတ်ခွံ (၂၅ ဒသမ ၇၆)တန် တင်ပို့နိုင် ခဲ့သည်။ မြိတ်ဒေသမှထွက်ရှိသည့် ရော်ဘာများကို တရုတ်နိုင်ငံမှ ဝယ်လိုအားရှိသည့်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် တန်ချိန်အများဆုံး တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ဖက်နိုင်ငံ ရနောင်းမြို့မှ ငါးဖမ်းပိုက်ကွန်များ၊ ရေလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော် ဆိုင်ကယ်အပိုပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) များကို ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံများမှ အသုံးပြုနေသည့် စက်လှေများ၊ ရေခဲစက်ရုံများ၊ သယ်ယူပို့ဆောင်ရေးပြုလုပ်သည့် မော်တော်ယာဉ်များ၊ မြိတ်ဒေသတွင် လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရေးတွင် အသုံးပြုသည့် စက်သုံးဆီများကို ပုံမှန်တင်သွင်းလျက်ရှိရာ နိုဝင်ဘာလ တွင် ဒီဇယ် တန် ၇၇၈၀၊ ဓာတ်ဆီ တန် ၈၅၀ တင်သွင်းနိုင်ခဲ့ကြောင်းသိရှိရသည်။ ငွေလဲနှုန်းပေါက်ဈေးအနေဖြင့် (၁) ဘတ် လျှင် ၈၀ ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းရရှိသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## အိန္ဒိယက ချမှတ်လိုက်သော ဆန်မူဝါဒအသစ်ကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းမြင့်တက်ဖွယ်ရှိ

ဆန်ကွဲများ တင်ပို့မှုကိုပိတ်ပင်ခြင်းနှင့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူများတင်ပို့မှုအတွက် အခွန်(၂၀ ရာခိုင်နှုန်း) ကောက်ခံသည့် ဆန်မူဝါဒအသစ်ကို အိန္ဒိယအစိုးရက ယခုနှစ် စက်တင်ဘာ ၉ ရက်ကတည်းက ချမှတ်ခဲ့သည်။ ယင်းမူဝါဒ ကြောင့် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှုသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် လေးသန်းမှငါးသန်းအထိ ကျဆင်းနိုင်ဖွယ် ရှိကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှုဈေးကွက်တွင် (၄၀ ရာခိုင်နှုန်း) အထိ ဈေးကွက်ဝေစု ရရှိခဲ့သည်။ ၎င်းအပြင် ဆန်မူဝါဒအသစ်သည် ဆန်ထုတ်လုပ်မှုကို တန်ချိန် ၁၇ ဒသမ ၈ သန်းခန့် လျော့နည်းနိုင်ကြောင်းကိုလည်း အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်းသိရသည်။

၎င်းဆန်မူဝါဒအသစ်သည် ဆန်ဖြူများ၏ဈေးနှုန်းကို အာရှတိုက်ရှိ ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ ဈေးနှုန်းများအတိုင်း မြင့်တက်လာစေရန် ရည်ရွယ်ကြောင်းကို အိန္ဒိယနိုင်ငံ ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌက ပြောကြားသကဲ့သို့၊ အိန္ဒိယနိုင်ငံ အစားအသောက်ဝန်ကြီးက ပြည်ပသို့ ဆန်တင်ပို့မှုများပြားလာခြင်းသည် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်

ကျွေးမွေးမှုနှင့် အရက်ပြန်ထုတ်လုပ်မှုများအတွက်လည်း ထိခိုက်နိုင်စေသည့်အတွက်ဖြစ်ကြောင်း ပြောကြားကြောင်း သိရသည်။

ဤဆန်မှုဝါဒအသစ်ကြောင့်ဖြစ်ပေါ်လာမည့် ကမ္ဘာ့ဆန်ဈေးနှုန်းများအခြေအနေကို ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းနှင့် ဗီယက်နမ်နိုင်ငံ အစားအသောက်အသင်းမှလည်း စောင့်ကြည့်နေကြပြီး၊ ကမ္ဘာ့ဆန်ဈေးနှုန်းမှာ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ၎င်းတို့က ခန့်မှန်းပြောကြားကြောင်း သိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## STOCK EXCHANGE (2.12.2022)

### Stock trading data

As of 2nd Dec. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 2,281 | 20,757,100 | 33,109,694 | 301,298 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,979 | 6,530,700 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 62 | 477,400 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 321 | 6,259,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 1 | 2,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,600 | 141 | 371,650 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 160 | 784,000 | 10,497,598 | 51,438 |

### Market summary

As of 2nd Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.33 | +0.00 | +0.00% | 400.33 | 400.33 | 399.75 | 4,945 | 35,183,000 | 7 | 696,417 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 2nd Dec. 2022

| MYANPIX | 400.33 ▲ 0.00 |
|---|---|
| Total Volume (shares) | 4,945 |
| Total Value (MMK) | 35 mil |
| Listed Company | 7 |
| Market Cap. (MMK) | 696,417 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR